အီးပက် အင်တာနက်နှင့် နည်းပညာ အချက်အလက်စာရွက်။

# ဖိတ်စင်စာမျက်နှာ ဆိုတာဘာလဲ။

အွန်လိုင်းမှ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုမှုသူများ အပေါ် ၄င်းရဲ့ ဟန့်တားမှုတန်ဖိုး။

## ဒါက ဘယ်လိုအလုပ်လုပ်သလဲ။

ဖိတ်စင်စာမျက်နှာဆိုတာ သုံးစွဲသူမှ ရှာဖွေနေတဲ့ ဝက်ဘ်ဆိုက်စာမျက်နှာကို ခေါ်ယူနိုင်ဖို့ ပြင်ဆင်နေစဉ်အတွင်း၊ ဝက်ဘ်ဆိုက်ရဲ့ မျက်နှာပြင်တခုလုံး သို့မဟုတ် တစိတ်တပိုင်းမှာ ပေါ်လာတဲ့ စာမျက်နှာ သို့မဟုတ် ပုံရိပ် ဖြစ်ပါတယ်။

ဝက်ဘ်ဆိုက်စာမျက်နှာတွေမှာ သတင်းစကား ထည့်သွင်းတဲ့ပုံစံမျိုးအနေနဲ့ ဖိတ်စင်စာမျက်နှာတွေကို ရည်ရွယ်ချက်အမျိုးမျိုးအတွက် အသုံးပြုနိုင်ပါတယ်။ မကြာခဏဆိုသလို ကြော်ငြာသူတွေက သုံးစွဲသူတွေကို ဆွဲဆောင်နိုင်ဖို့ ဒါတွေကို အသုံးပြုပါတယ်။ ဒါမှမဟုတ် အကြောင်းအရာတခုခုကိုပြောဖို့ (ဥပမာ ဝက်ဘ်ဆိုက်လိပ်စာ မှားယွင်းစာ ရိုက်လိုက်မိတဲ့အကြောင်း သို့မဟုတ် သင်ရှာနေတဲ့ ဝက်ဘ်ဆိုက်စာမျက်နှာ မရှိတော့ဘူး ဆိုတာမျိုး တွေ) အတွက် သူတို့ကို သုံးနိုင်ပါတယ်။

သုံးစွဲသူတွေကို တချို့သော အကြောင်းအရာတွေဆီမှ ရှောင်ဖယ်စေချင်တဲ့အခါမျိုး မှာလည်း ဖိတ်စင်စာမျက်နှာတွေကို အသုံးပြုပါတယ်။ ဥပမာ တစုံတယောက်က သိပြီးသား ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုရာတွင် အသုံးပြုသည့်ပစ္စည်းတွေကို ဝင်ရောက်ကြည့်ဖို့ ကြိုးစားနေတဲ့အခါ ဖိတ်စင်စာမျက်နှာပေါ်လာပြီး နောက်ဆုံးအဆင့်အနေနဲ့၊ စစ်ထုတ်ခြင်းနဲ့ တားမြစ်ပိတ်ဆို့ခြင်းတွေပါဝင်တဲ့ ဟန့်တားမှုစနစ်နဲ့ လိုချင်တဲ့ အကြောင်းအရာကို ဝင်ရောက်ကြည့်ဖို့ တားဆီးပါလိမ့်မယ်။

## အချက် အလက်များ

- ဖိတ်စင်စာမျက်နှာတွေဟာ သုံးစွဲသူတွေကို ဆွဲဆောင်ဖို့၊ သတင်းစကားပါးဖို့၊ သုံးစွဲသူတွေအား တခြားဝက်ဘ်စာမျက်နှာဆီ ပြန်လည်ညွှန်းဖို့ အသုံးပြုတတ်ကြပါတယ်။
- ဖိတ်စင်စာမျက်နှာတွေကို အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေ၊ စက်မှုလက်မှုနဲ့ ဥပဒေလိုက်နာရေး ကြီးကြပ်မှုဌာနတွေက အသုံးပြုကြတယ်။
- ဖိတ်စင်စာမျက်နှာတွေဟာ သုံးစွဲသူကို အကြောင်းအရာတွေ ဝင်ရောက်ကြည့်ရှုခြင်းမှ တားမြစ်ဖို့ အသုံးပြုတာဆိုရင်၊ ၄င်းကို ရပ်ဆိုင်း စာမျက်နှာတွေအဖြစ် ရည်ညွှန်းကြပါတယ်။




စစ်ထုတ်ခြင်းနှင့် တားမြစ်ပိတ်ဆို့ခြင်းဆိုတာ ဘာလဲ ဆိုတာနဲ့ ပတ်သက်တဲ့ အချက်အလက်များကို ကျေးဇူးပြု၍ အချက်အလက်စာရွက်ကို ကြည့်ရှုပါ။

## ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုရာတွင် အသုံးပြုသည့်ပစ္စည်းများကို ဝင်ရောက်ကြည့်ရှုခြင်းအား ငြင်းပယ်ခြင်း။

သိသာထင်ရှားတဲ့ မိုက်ခရိုဆော့ဖ်နဲ့ ဂူဂဲလ်လို တချို့ကုမ္ပဏီတွေဟာ အွန်လိုင်းမှာ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုရာတွင် အသုံးပြုသည့်ပစ္စည်းတွေကို လူတွေမတော်တဆဖြစ်စေ တမင်တကာဖြစ်စေ ဝင်ရောက်ကြည့်ရှုခြင်းမှ ကာကွယ်ရန် ရည်ရွယ်ထားတဲ့ ဟန့်တားစနစ်တစိတ်အပိုင်းအဖြစ် သူတို့ရဲ့ ရှာဖွေမှုအထောက်အပံ့တွေမှာ ဖိတ်စင်စာမျက်နှာတွေကို အသုံးပြုကြပါတယ်။ ဒီလိုမလျော်မကန်ပြုရာမှာ အသုံးပြုတဲ့ ပစ္စည်းတွေပါတယ်လို့ သေချာသိထားတဲ့ စာမျက်နှာတွေကို တစုံတယောက်က ဝင်ရောက်ကြည့်ဖို့ ကြိုးစားတိုင်း သုံးစွဲသူအား ဝင်ရောက်ကြည့်ရှုခွင့်ကို ငြင်းပယ်ခံရမှာဖြစ်ပါတယ်။ ဖိတ်စင်စာမျက်နှာကို အသုံးပြုတဲ့အခါဆိုရင် သုံးစွဲသူကို ဟန့်တားသတင်းစကားဆီ နောက်ထပ် ပြန်လည်ညွှန်းသွားမှာ ဖြစ်တယ်။

ဖိတ်စင်စာမျက်နှာတွေဟာ သတင်းအချက်မျိုးစုံ ပါဝင်နိုင်ပါတယ်။ အရိုးရှင်းဆုံးပုံစံမှာ ရည်ရွယ်ထားတဲ့နေရာကို ဝင်ရောက်ကြည့်ခွင့်ကို ငြင်းပယ်ကြောင်း သတင်းစကားပါဝင်မှာ ဖြစ်ပါတယ်။ ဒါကို ပြဿနာသတင်းစကား သို့မဟုတ် သတင်းစကား ၄ဝ၄ လို့ ခေါ် ဆိုပါတယ်။ ဖိတ်စင်စာမျက်နှာတွေဟာ ဘာကြောင့် ဝင်ရောက်ခွင့်ပိတ်ထားတယ် ဆိုတာနဲ့ ပတ်သတ်တဲ့ (သက်ဆိုင်ရာ ဥပဒေနဲ့ ပတ်သက်တဲ့ သတင်းအချက်တွေ ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ) ထပ်ဖြည့်သတင်းအချက်အလက်တွေ ပါဝင်နိုင်ပါသေးတယ်။ အကယ်၍ သူတို့ဟာ ကလေးငယ်နဲ့ ပတ်သက်တဲ့ သူတို့ရဲ့လိင်စိတ်ခံစားချက်တွေ အတွက် ပူပန်သောကရောက်နေရင် အကူအညီနဲ့ အကြံဉာဏ်ပေးနိုင်တဲ့ ရင်းမြစ်တွေဆီ ရည်ညွှန်းမှုတွေနဲ့ ဒီသတင်းအချက်တွေကို ဖြည့်စွက်နိုင်ပါတယ်။

ဖိတ်စင်စာမျက်နှာတွေမှာ တိကျပြတ်သားတဲ့ သတိပေးမှုတွေ သို့မဟုတ် သုံးစွဲသူရဲ့ လုပ်ဆောင်မှု သို့မဟုတ် ရှာဖွေနေတဲ့ အကြောင်းအရာရဲ့ တရားမဝင်မှုတွေကို ရှင်းပြတဲ့ သတင်းစကားတွေလည်း ပါဝင်နိုင်ပါတယ်။ တချို့သော အကြောင်းအရာတွေ ပိတ်ပင်ခံရမှာပေါ်မှာ သဘောမတူနိုင်တဲ့ သုံးစွဲသူတွေအတွက် တခါတရံ ပိတ်ပင်ခံရမှုပေါ် တိုင်ကြားချက်တွေ ဘယ်ကိုပေးပို့ရမယ် ဆိုတာနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေလည်း ပေးထားပါတယ်။ နောက်ဆုံးအနေနဲ့ ဖိတ်စင်စာမျက်နှာတွေမှာ သတင်းအချက်အလက်တွေနှင့်တကွ သို့မဟုတ် အွန်လိုင်းမှ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုတဲ့ အကြောင်းအရာတွေကို သတင်းပို့ဖို့ တည်ထောင်ထားတဲ့ တိုက်ရိုက်ဖုန်းလိုင်းတွေနဲ့ ချိတ်ဆက်ထားမှုတွေ ပါဝင်ပါတယ်။

ဒီလို သတင်းအချက်အလက်တွေ ပေးခြင်းအားဖြင့် ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုရာတွင် အသုံးပြုသည့်ပစ္စည်းတွေနဲ့ ဆက်စပ်လုပ်ဆောင်မှုတွေဟာ တရားမဝင်ကြောင်း ဗဟုသုတဖြည့်ဆည်းရာမှာ ကူညီပေးပါတယ်။ အဖမ်းခံရမှာ ကြောက်တဲ့စိတ်ကို တစိမ့်စိမ့်ဝင်နေအောင် နဲ့ သုံးစွဲသူတွေကို အကူညီပေးနိုင်တဲ့ ရင်းမြစ်တွေဆီ ပြန်လည်ရည်ညွှန်းပေးဖို့လည်း သူတို့က ကူညီပေးနိုင်ပါသေးတယ်။ ဖိတ်စင်စာမျက်နှာတွေဟာ သုံးစွဲသူတွေကို ဖြစ်စဉ်တွေအကြောင်း သတင်းပေးပို့ဖို့ ပညာပေးခြင်းနဲ့ ဒီလိုအကြောင်းအရာတွေကို မလိုလားအပ်ပဲ ထိတွေ့မှုတွေ မဖြစ်အောင် ကာကွယ်ပေးခြင်းအားဖြင့် ပိုပြီးလုံခြုံတဲ့ အွန်လိုင်းပတ်ဝန်းကျင်ကို ဖန်တီးနိုင်ဖို့ ကူညီပေးပါတယ်။ အဆုံးသတ်မှာတော့ ဖိတ်စင်စာမျက်နှာတွေဟာ သုံးစွဲသူတွေကို စီအက်အေအမ် လို့ခေါ်တဲ့ ကလေးသူငယ်များအား လိင်မှုဆိုင်ရာ မလျော်မကန်ပြုရာတွင် အသုံးပြုသည့်ပစ္စည်းတွေကို ဝင်ရောက်ကြည့်ခြင်းကို ဟန့်တားပေးပါတယ်။

ဒီအချက်အလက်စာရွက်ဟာ အီးပက်နိုင်ငံတကာ အဖွဲ့အစည်းမှ ဖန်တီးထားပါတယ်။ ဘာသာပြန်ခြင်းနှင့် ထုတ်ဝေခြင်းအတွက် ယူနီစက်ဖ်မှ ပံ့ပိုးကူညီပါတယ်။